# ရှာဖွေတွေ့ရှိခြင်း
## လမ်းညွှန် (၆)
# အသက်တာ၏ ဒုတိယအခွင့်အရေး

လူတစ်ယောက်သည် တခြားဘာသာအဖြစ် နှစ်ပေါင်းများစွာနေခဲ့ပြီးနောက် စက်ာပူမြို့ရှိ ခရစ်ယာန်အသင်းလူကြီးတစ်ယောက်က ၎င်းဘာသာကိုးကွယ်ခဲ့သည့် မစ္စတာလင်းအား ၎င်းဘာသာနှင့် ခရစ်ယာန်ဘာသာခြားနားချက်ကို မည်ကဲ့သို့တွေ့ရှိပါသနည်းဟုမေးခဲ့ရာ မစ္စတာလင်းက လွယ်ပါတယ်ခင်ဗျာ၊ ခရစ်တော်ယေရှုကိုတွေ့ခဲ့ကတည်းက ကျွန်ုပ်၏ ကယ်တင်ရှင်အဖြစ်လက်ခံသောကြောင့် ကျွန်ုပ်၏စိတ်တွင် ငြိမ်သက်ခြင်းတွေ့ခဲ့ပါသည်။ ကျွန်ုပ်တို့၏အသက်တာကို ခရစ်တော်၌ဗဟိုပြုလျှင် ထိုကဲ့သို့ဗဟုသုတမျိုးခံစားရပါမည်။ "စိတ်နှလုံးတည်ကြည်သောသူသည် ကိုယ်တော်၌ခိုလှုံသောကြောင့် ငြိမ်သက်ခြင်းသက်သက်ရှိမည်အကြောင်း စောင့်ရှောက်တော်မူလိမ့်မည်။" (ဟေရှာယ ၂၆း၃)။

ခရစ်ယာန်အသက်တာရရှိခြင်းသည် ပြည့်စုံသောငြိမ်သက်ခြင်းဖြစ်၏။ ပြည့်စုံ၍ လုံခြုံသောခံစားမှုနှင့် နေထိုင်မှုပါရှိပါသည်။

ခရစ်တော်ကိုတွေ့ရှိသောသူသည် အသက်တာ၏ဒုတိယအခွင့်အရေးရရှိသောသူဖြစ်သည်။

### ၁။ ပျောက်သောသူကယ်တင်ရန် မည်ကဲ့သို့သောအစီအစဉ်ရှိပါသနည်း

ကိုယ်ကာယအားဖြင့် အသက်ရှင်သောသူသည် အချို့သောသူ၏ခေါ်ဝေါ်ချက်အရ ကောင်းသောအခွင့်အရေးဖြစ်သော်လည်း ဝိညာဉ်ရေးတွင်သေလျက်နေသောသူဖြစ်ပေလိမ့်မည်။ "သင်တို့သည် အထက်ကလောကတရားသို့လိုက်၍ အာကာသကောင်းကင်၏တန်ခိုးကိုအစိုးရသောမင်းတည်းဟူသော ငြင်းဆန်သောသူတို့၌ ပြုပြင်သောဝိညာဉ်၏အလိုနှင့်အညီ အပြစ်တို့၌ကျင်လည်ကြ၍ အပြစ်၌သေလျက်နေသောသင်တို့ကိုပင် ဘုရားသခင်သည် အသက်ရှင်စေတော်မူပြီ။" (ဧဖက် ၂း၁၊ ၂)။ စာတန်သည် ဝိညာဉ်ရေးအရ သေနေသောသူအား အနိမ့်သို့စောက်ထိုးဆင်းရန် အပြစ်နှင့်နားမထောင်ခြင်းသို့ ပို့ဆောင်ခဲ့ပါသည်။ သို့ရာတွင် ထူးဆန်းနက်နဲသော ဘုရားသခင်၏မေတ္တာနှင့် ဧဝံဂေလိတရားသည် သူတို့အားကယ်တင်လိုပါသည်။ ထိုသူတို့အား သူတို့အပြစ်၌သေလျက်နေစဉ် ချစ်တော်မူ၏။ သူတို့အတွက် သူတို့၏အခက်အခဲများမှ အခမဲ့ ကယ်တင်လိုပါသည်။ "သို့သော်လည်း ကရုဏာတော်နှင့်ကြွယ်ဝတော်မူသောဘုရားသခင်သည် ငါတို့ကိုချစ်တော်မူသော မဟာမေတ္တာတော်အားဖြင့် အပြစ်၌သေလျက်ရှိနေသောငါတို့ကို ခရစ်တော်နှင့်အတူ အသက်ရှင်စေတော်မူပြီး ကျေးဇူးတော်ကြောင့်သာ ကယ်တင်ခြင်းသို့ရောက်ရ၏။" (ဧဖက် ၂း၄၊ ၅)။ ဘုရားသခင်သည် ကျွန်ုပ်တို့အားချစ်ဖို့ရန်မသင့်သော်လည်း ချစ်တော်မူ၏။ သူ၏ကျေးဇူးတရားသည် ခရစ်တော်အားဖြင့် အသစ်သောအသက်တာကိုဖန်တီးပေး၏။ ကျွန်ုပ်တို့သည် မိမိကိုယ်စိတ်သဘောကိုမပြောင်းလဲနိုင်ပါ။ ဘုရားသခင်သာပြောင်းလဲပေးနိုင်၏။ ယုံကြည်ခြင်းဖြင့်လည်းကောင်း၊ ဆက်ကပ်ခြင်းဖြင့်လည်းကောင်း ဘုရားသခင်ထံသို့လာလျှင် ဘုရားသခင်သည် အသက်တာ၏ဒုတိယအခွင့်အရေးကို အခမဲ့ဆုကျေးဇူးအဖြစ်ပေး၏။

## ၂။ မည်သည့်အရာမှကယ်တင်ဖို့ရန်လိုပါသနည်း

(၁) ကျွန်ုပ်တို့သည် အပြစ်မှကယ်တင်ဖို့ရန်လိုပါသည်။ "အဘယ်ကြောင့်နည်းဟူမူကား လူအပေါင်းတို့သည် အပြစ်ကိုပြု၍ ဘုရားသခင်ရှေ့တော်၌ အသရေပျက်ကြပြီ" (ရောမ ၃း၂၃)။ ရှင်းရှင်းလင်းလင်းပြောရလျှင် ကျွန်ုပ်တို့သည် အမှန်ကိုအမှန်အတိုင်းလက်မခံပါ။ မိဘတို့သည် စိတ်ဖေါက်ပြန်နေခိုက် ကလေးငယ်၏စိတ်ဆန္ဒကို ဖေါက်ပြန်စေနိုင်သည်။ လူတစ်ယောက်သည် စိတ်ဆိုးနေခိုက် ကားမောင်းသောသူတစ်ယောက် (သို့မဟုတ်) ခရီးသွားသူတစ်ဦးအား မတော်တဆအန္တရာယ်ကိုဖြစ်ပေါ်စေနိုင်သည်။ ကျောင်းသားတစ်ဦးသည်လည်း အမျက်ဒေါသထွက်၍ အခြားသောကျောင်းသားတစ်ဦးအားဝေဖန်တတ်ပါသည်။ လုပ်ငန်းပိုင်ရှင်တစ်ဦးသည်လည်း ဝင်ငွေအချို့ကို ထိမ်ဝှက်၍ အမြတ်တော်ခွန်လျော့နည်းစေရန် ကြံစည်တတ်ပါသည်။ လူတိုင်းတွင်အပြစ်ရှိ၏။ ဤကဲ့သို့သော အခြင်းအရာသည် လူ၏အခြေခံတရားမဲ့ခြင်းဖြစ်၏။ ကျမ်းစာတော်မြတ်ကား အပြစ်ကိုမည်ကဲ့သို့ရှင်းပြထားပါသနည်း။ "မတရားသောအမှုမည်သည်ကား အပြစ်ဖြစ်၏။ သို့သော်လည်း သေပြစ်မသင့်သောအပြစ်ရှိ၏" (၁ယော ၅း၁၇)။ ကျွန်ုပ်တို့သည် မသန့်ရှင်းသောဓလေ့နှင့် ပြင်းပြသောဆန္ဒဒေါသမှကယ်တင်ရန်လိုပါ၏။ လိမ်လည်ခြင်း၊ ဆဲဆိုသောဒေါသများ၊ တပ်မက်ခြင်း၊ ငြူစူခြင်း ဤမကောင်းမှုဓလေ့များဖြစ်ပါသည်။ "အပြစ်ကိုပြုသောသူမည်သည်ကား ပညတ်တော်ကိုလွန်ကျူး၏။ အပြစ်သည်ကား ပညတ်တော်ကိုလွန်ကျူးခြင်းဖြစ်သတည်း" (၁ယော ၃း၄)။ ထို့ကြောင့် ကျွန်ုပ်တို့သည် အပြစ်မှကယ်တင်ရန်လိုပါ၏။ အပြစ်သည် ပညတ်တော်ကိုလွန်ကျူးခြင်းဖြစ်သတည်း။

(၂) ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်အဆက်ပြတ်နေခြင်းမှ ကယ်တင်ရန်လိုပါသည်။ "သင်တို့အပြစ်သည် သင်တို့ကို ဘုရားသခင်နှင့်ကွာစေပြီ။ ကြားတော်မမူစေခြင်းငှါ၊ သင်တို့အပြစ်သည် မျက်နှာတော်ကိုလွှဲစေပြီ" (ဟေရှာယ ၅၉း၂)။ မဖြေလွှတ်သောအပြစ်သည် ဘုရားသခင်နှင့်အဆက်ပြတ်စေသည်။ ခရစ်တော်သည် စာတန်ဖျက်ဆီးသော ထိုအဆက်ဖြတ်ခြင်းကို ပြုပြင်ရန်လာသတည်း။

(၃) ကျွန်ုပ်တို့သည် အပြစ်အခဖြစ်သော ထာဝရသေခြင်းမှကယ်တင်ရန် လိုအပ်ပါသည်။ "ဤအကြောင်းအရာဟူမူကား အပြစ်တရားသည် တစ်ယောက်သောသူအားဖြင့် ဤလောကသို့ဝင်၍ အပြစ်တရားအားဖြင့် သေခြင်းတရားဝင်သည်နှင့်အညီ လူအပေါင်းတို့သည် အပြစ်ရှိသောကြောင့် သေခြင်းသို့ရောက်ရကြ၏" (ရောမ ၅း၁၂)။

(၄) ကျွန်ုပ်တို့သည် အပြစ်တွင်ပျော်ရွှင်မှုမရှိစေခြင်းနှင့် ခံစားမှုမရှိစေသောအသက်တာမှကယ်တင်ရန်လိုသည်။ အပြစ်သားများအတွက် အသက်တာသည် လမ်းဆုံးရောက်နေကြောင်းသိရသည်။

(၅) ကျွန်ုပ်တို့သည် အပြစ်ကမ္ဘာမှကယ်တင်ရန်လိုပါသည်။ ကျွန်ုပ်တို့အား အပြစ်နှင့်ပြည့်ဝသောကမ္ဘာထဲမှ ကယ်တင်ရန်လိုပါသည်။ ဝမ်းနည်းကြေကွဲခြင်း၊ စိတ်နှလုံးမသာမယာခြင်း၊ နာကျင်စွာခံစားရခြင်း၊ အထီးကျန်နေထိုင်ခံစားရခြင်း၊ စစ်မက်ဘေးရန်သင့်ခြင်း၊ ဖျားနာခြင်းနှင့် သေခြင်းခံစားရခြင်းတို့ဖြစ်သည်။

## ၃။ ဘယ်သူကျွန်ုပ်တို့အားကယ်တင်နိုင်ပါသနည်း

(၁) ခရစ်တော်သာလျှင် ကယ်တင်နိုင်ပါသည်။ "ထိုသားသည် မိမိလူတို့ကို အပြစ်မှကယ်ချွတ်မည့်သူဖြစ်သောကြောင့် ယေရှုဟူသောအမည်ဖြင့်မှည့်ရမည်ဟု ကောင်းကင်တမန်ဆို၏" (မဿဲ ၁း၂၁)။ တခြားဘာသာဝင်တစ်ဦးသည် ခရစ်ယာန်မိတ်ဆွေတစ်ဦးအားပြောခဲ့သောစကားမှာ "သူ၏ဘာသာတွင် မြောက်မြားစွာသောယုံကြည်ချက်တို့မှာ ခရစ်ယာန်ဘာသာတွင်မတွေ့ရပါ။ သို့ရာတွင် ခရစ်ယာန်ဘာသာတွင် ကယ်တင်ရှင်ဟူသော ဝေါဟာရသည် သူ၏ဘာသာတွင်မရှိပါ။ ကမ္ဘာတွင် ခရစ်ယာန်ဘာသာတစ်ခုတည်းသာလျှင် ကယ်တင်ရှင်ရှိကြောင်း ဖေါ်ပြထားသည်။

(၂) ခရစ်တော်သာလျှင် ပျက်စီးနေသောဆက်သွယ်မှုမှ ဘုရားသခင်နှင့်ပြန်၍ဆက်သွယ်ပေးနိုင်သည်။ “ထိုအခါ သင်တို့သည် ခရစ်တော်ကိုမသိ၊ ဣသရေလအပေါင်းအသင်း၌မဝင်၊ ကတိတော်ပါသောပဋိညာဉ်တရားတို့နှင့်မဆိုင်၊ မျှော်လင့်ခြင်းမရှိ၊ လောက၌ဘုရားသခင်ကိုမသိဘဲနေကြသည်ကိုလည်းကောင်း အောက်မေ့ကြလော့။ သင်တို့သည် အထက်ကဝေးလျက်ရှိသော်လည်း ယခုမှာ ယေရှုခရစ်၌ဖြစ်၍ အသွေးတော်အားဖြင့် အနီးသို့ရောက်ကြပြီ” (ဧဖက် ၂း၁၂၊ ၁၃)။ ခရစ်တော်သည် ကောင်းသောမိတ်ဆွေဖြစ်၍ ပေါင်းသင်းရန်သင့်ထိုက်ပေ၏။ ထိုသခင်သည် ကျွန်ုပ်တို့၌ရှိသော အကောင်းဆုံးသောအကျင့်ကိုပြသတတ်ပါ၏။ ကျွန်ုပ်တို့အပြစ်သည် လွန်ခဲ့သောအသက်တာ၌ ခရစ်တော်အသွေးတော်အားဖြင့် ခွင့်လွှတ်ခဲ့သော်လည်း နေ့စဉ်နှင့်အမျှ ကျွန်ုပ်တို့အားလက်ခံ၍ အပြစ်ကိုအောင်နိုင်သော တန်ခိုးပေးကာ သူ၏ပြည့်စုံသောအသက်တာကိုပြခဲ့ပါသည်။ ထိုအရှင်သည် ကျွန်ုပ်တို့၏အပြစ်ကိုပြုလုပ်တိုင်း ကယ်တင်ရန်စောင့်လျက်ရှိပါ၏။ ကျွန်ုပ်တို့၌ ကိုယ်တော်အားအလိုတော်အတိုင်းလိုက်လျှောက်ခြင်းငှါ ပြသခြင်းဖြင့် ကျွန်ုပ်တို့၏မေတ္တာကိုတုံ့ပြန်နိုင်ပါသည်။

(၃) အပြစ်၏အခ၌ သေခြင်းတရားမှ ခရစ်တော်သည်ကယ်တင်ခြင်းပေးနိုင်သည်။ “အပြစ်တရား၏အခကား သေခြင်းပေတည်း။ ဘုရားသခင်ပေးတော်မူသောဆုကျေးဇူးတော်ကား ငါတို့သခင်ယေရှုခရစ်အားဖြင့် ထာဝရအသက်ပေတည်း” (ရောမ ၆း၂၃)။ ငါတို့သည် သေဒဏ်သင့်သောတရားဥပဒေချိုးဖေါက်သူဖြစ်၏။ အပြစ်၏အခကား သေခြင်းပေတည်း။ ခရစ်တော်သည် ကယ်တင်ခြင်းပေး၍ ထာဝရသေခြင်းမှ ထာဝရအသက်ရှင်ခြင်းတရားကိုပေးခဲ့သည်။ “ငါတို့သည် အပြစ်ရှိစဉ်ပင် ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံတော်မူသည်ဖြစ်၍ ဘုရားသခင်သည် ငါတို့ကိုအဘယ်မျှလောက်ချစ်တော်မူသည်ကို ငါတို့အားထင်ရှားစွာပြတော်မူ၏” (ရောမ ၅း၈)။ အတွန့်တက်မရှိသောဘုရားသခင်၏မေတ္တာတော်သည် ကျွန်ုပ်တို့အတွက် ခရစ်တော်၏အသေခံတော်မူခြင်းကိုဖန်တီးပေးသည်။ ခရစ်တော်သည် အသက်တော်ကိုစွန့်၍ အပြစ်၏အဖိုးအခကို အပြည့်ပေးဆောင်ခဲ့ပါသည်။ ယခုဘုရားသခင်သည် နောင်တရသောအပြစ်သားများတို့ကိုခွင့်လွှတ်ကာ နောင်တရသောအပြစ်သားများတို့၏အပြစ်ကိုလက်ခံနိုင်သည်။

(၄) ခရစ်တော်သည် အပြစ်နှင့်ပျော်ရွှင်မှုမရှိသောအသက်တာကို ကယ်တင်ခြင်းပေးနိုင်သည်။ “လူမည်သည်ကား ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သောသတ္တဝါဖြစ်၏။ ကောင်းသောအရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့သည်အသစ်ဖြစ်ကြပြီ” (၂ကော ၅း၁၇)။ ကျွန်ုပ်တို့သည် အပြစ်မှမိမိသဘောသဘာဝကိုမပြောင်းလဲနိုင်ပါ။ အလားတူခြင်္သေ့တစ်ကောင်သည် သိုးသငယ်ဖြစ်ရန်မပြုလုပ်နိုင်ပါ (ရောမ ၇း၁၈)။ အပြစ်သည် ကျွန်ုပ်တို့၏ဆုံးဖြတ်ခြင်းတန်ခိုးထက်ကြီးမား၏။ သို့ရာတွင် ခရစ်တော်သည် ကျွန်ုပ်တို့အားခွန်အားပေးခြင်းနှင့် ဝိညာဉ်တော်တန်ခိုးပေးခြင်းဖြင့်အောင်နိုင်သည် (ဧဖက် ၃း၁၆)။ ထာဝရဘုရားသခင်သည် ကျွန်ုပ်တို့၏ဖျက်ဆီးတတ်သောအကျင့်ဓလေ့များကိုပြောင်းလဲပေးကာ သူ၏မွန်မြတ်သောချစ်ခြင်း၊ ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ကြင်နာခြင်း၊ ချုပ်တည်းခြင်းများကိုအစားသွင်းပေးနိုင်သည် (ဂလာတိ ၅း၂၂၊ ၂၃)။ ခရစ်တော်သည် ကျွန်ုပ်တို့၏အသက်တာတွင်ကိန်းအောင်းနေလျှင် ကျွန်ုပ်တို့သည် ဝိညာဉ်ရေး၊ ကျန်းမာခြင်းပြန်လည်လန်းဆန်းစေခြင်းနှင့် အသစ်သောအသက်တာကိုရရှိမည်။ ဟာရိုဟရူးလ်သည် မိမိအသက်တာကိုပြောင်းလဲပစ်ရန် လက်မှိုင်ချခဲ့ပေသည်။ သူသည် အကြိမ်အခါပေါင်းများစွာအစွမ်းကုန်အရက်ဖြတ်ရန် ကြိုးစားခဲ့သော်လည်းမအောင်မြင်ပါ။ သူသည် ပုလင်းစစ်ပွဲကိုတိုက်လှန်ရာ မအောင်နိုင်ကြောင်းအမြဲသိရှိနားလည်ခဲ့ပါသည်။ ထိုဘဝကြောင့် ဇနီးနှင့်သမီးနှစ်ဦးအတွက် ၁၀ နှစ်ခန့်ငရဲတွင်နေခဲ့သလိုဖြစ်စေပါသည်။ ထို့ကြောင့် တစ်နေ့သောနံနက်ခင်းတွင် ရေချိုးခန်းအတွင်း မိမိ၏ဦးခေါင်းကိုသေနတ်နှင့်ချိန်ကာ သေကြောင်းကြံစည်ခဲ့ပါသည်။ သို့ရာတွင် သေနတ်မောင်းမဆွဲဖြုတ်မီ ဘုရားသခင်နှင့်ရှင်းတမ်းဖွင့်မည်ဟုကြံစည်ခဲ့ပါသည်။ သူ၏ဆုတောင်းခြင်းသည် ရှည်ကြာ၍ မျက်ရည်များဖြင့် ခံစားမှုအဝဝတို့ကိုမစရန်တောင်းခံခဲ့ပါသည်။ ဘုရားသခင်သည်လည်း ရောက်လာ၍ ခရစ်တော်အားဆက်ကပ်ရန်နှင့် ဝိညာဉ်တော်ခွန်အားကိုလက်ခံရန် တိုက်တွန်းခဲ့လေသည်။ သူသည် ရာသက်ပန်အရက်ပြတ်ကာ မေတ္တာနှင့်ပြည့်ဝသော၊ ယုံကြည်စိတ်ချရသောခင်ပွန်းနှင့် ဖခင်တစ်ဦးဖြစ်လာလေသည်။ နောက်ပိုင်းတွင် တစ်စတစ်စဖြင့်

အမေရိကန်အောက်လွှတ်တော်အမတ်တစ်ဦးဖြစ်လာခဲ့လေသည်။ ထိုပုဂ္ဂိုလ်သည် ကမ္ဘာပေါ်တွင်အကြီးဆုံးပြောင်းလဲမှုကိုခရစ်တော်ထံမှရရှိခဲ့လေသည်။

(၅) ခရစ်တော်သည် ကျွန်ုပ်တို့ကိုအပြစ်ကမ္ဘာမှကယ်တင်နိုင်သည်။ ထိုအကြောင်းအရာကို လာမည့်ရှာဖွေတွေ့ရှိခြင်းလမ်းညွှန်များကရှင်းပြပါမည်။

## ၄။ ကျွန်ုပ်တို့သည် လွယ်ကူသောအချက် (၃) ချက်ဖြင့် ကယ်တင်ခြင်းရနိုင်ပါသည်

(၁) သင်၏အသက်တာရှိအပြစ်များကို ခရစ်တော်အားပြုပြင်ခိုင်းပါ။ ကျွန်ုပ်တို့၏အပြစ်များကို မည်ကဲ့သို့စွန့်လွှတ်ရမည်နည်း။ "ထို့ကြောင့် ထာဝရဘုရားသခင်ထံတော်မှ ချမ်းအေးသောကာလသည်ရောက်လာ၍ သင်တို့အဖို့အလို့ငှါ ခန့်ထားတော်မူနှင့်သောယေရှုခရစ်ကိုစေလွှတ်တော်မူမည်အကြောင်း၊ သင်တို့အပြစ်များကိုပြေစေခြင်းငှါ နောင်တရ၍ စိတ်ပြောင်းလဲခြင်းသို့ရောက်ကြလော့" (တမန်တော် ၃း၁၉၊ ၂၀)။ နောင်တတရားရရန် မည်သူပြုပြင်ပေးသနည်း။ "ဘုရားသခင်၏ကျေးဇူးတော်သည် သင့်ကိုနောင်တလမ်းသို့သွေးဆောင်သည်ကို မသိမမှတ်ဘဲ ကြွယ်ဝစွာကျေးဇူးပြုတော်မူခြင်း၊ သည်းခံတော်မူခြင်း၊ စိတ်ရှည်တော်မူခြင်းတို့ကို မထီမဲ့မြင်ပြုသလော" (ရောမ ၂း၄)။ သင်၏ဝမ်းနည်းခြင်းသည် သင့်ကိုနောင်တတရားရရန်ပို့ဆောင်သည်။ "သင်တို့ကိုဝမ်းနည်းစေသောကြောင့် ငါဝမ်းမြောက်သည်မဟုတ်။ ဝမ်းနည်းစေ၍ နောင်တရသောကြောင့် ငါဝမ်းမြောက်ခြင်းရှိ၏။ ငါတို့အားဖြင့် သင်တို့၏အကျိုးအလျှင်းမပြတ်ရမည်အကြောင်း ဘုရားသခင်၏အလိုတော်နှင့်အညီ ဝမ်းနည်းစေကြ၏" (၂ကော ၇း၉)။ နောင်တတရား၏အနက်မှာ ပြုခဲ့သောအပြစ်အတွက်ဝမ်းနည်းမိခြင်းသာဖြစ်၏။ နောက်ပိုင်းတွင် အပြစ်မလုပ်ဘဲ အကျင့်ဓလေ့ဟောင်းနှင့် အတွေးအခေါ်များကိုစွန့်လွှတ်ခြင်းဖြစ်၏။ ထိုဝမ်းနည်းခြင်းဖြင့် အပြစ်စီရင်ခြင်းကိုကြောက်ရွံ့သောကြောင့်မဟုတ်ဘဲ ဘုရားသခင်၏ကြင်နာခြင်းကိုလက်ခံကာ ခရစ်တော်၏သေခြင်းသည် ငါတို့အပြစ်ကြောင့်ဖြစ်သည်ကိုသိခြင်းဖြစ်၏။ အပြစ်သည် ဘုရားသခင်၏စိတ်ကိုထိခိုက်သောကြောင့် ငါတို့သည် အပြစ်ကိုရှောင်၏။ ခရစ်တော်အားဖြင့် အသစ်သောအသက်တာဗဟုသုတကိုရရှိသဖြင့် အဖြစ်နိုင်ဆုံးအမှားပြင်ရန်လိုပေမည်။ (ယေဇကျေလ ၃၃း၁၄–၁၆ ထိ)။ ဘဝဟောင်း၏အပြစ်များကိုစွန့်လွှတ်ရန် ဘုရားသခင်၏ကူညီခြင်းသည် မည်ကဲ့သို့ရှိသနည်း။ နောင်တတရားနှင့်အပြစ်ဖြေလွှတ်ပေးခြင်းသည် ဘုရားသခင်ထံမှရရှိသောဆုကျေးဇူးဖြစ်သည်။ "ဣသရေလလူတို့အား နောင်တတရားနှင့်အပြစ်လွှတ်ခြင်းအခွင့်ကိုပေးစေခြင်းငှါ ထိုသူကို အစိုးရသောအရှင်အရာ၌လည်းကောင်း၊ ကယ်တင်သောသခင်အရာ၌လည်းကောင်း ဘုရားသခင်ခန့်ထား၍ မိမိလက်ယာလက်တော်ဖြင့် ချီးမြှင့်တော်မူပြီ" (တမန်တော် ၅း၃၁)။ ကျွန်ုပ်တို့သည် နောင်တတရားနှင့်ပြန်လာသောအခါ မေတ္တာရှင်ခရစ်တော်သည် ကျွန်ုပ်တို့၏အပြစ်များကိုဖြေလွှတ်၍ ခပ်သိမ်းသောအပြစ်များမှ သန့်ရှင်းစေတော်မူ၏။ ၎င်းပြင် ကျွန်ုပ်တို့၏အပြစ်များကို နက်သောပင်လယ်ထဲသို့ပစ်ချတော်မူ၏။

### မည်ကဲ့သို့ခရစ်တော်ထံမှ အသစ်သောအသက်တာရရှိနိုင်မည်နည်း

(က) ခရစ်တော်ကို အရှင်သခင်အဖြစ်ယုံကြည်ခြင်းနှင့်ရနိုင်သည်။

(ခ) ခရစ်တော်နှင့်မိတ်သဟာယဖွဲ့ခြင်းဖြင့်ရနိုင်သည် (မှန်မှန်ဆုတောင်းခြင်းနှင့် ကျမ်းစာဖတ်ခြင်းသည်အရေးကြီး၏)။

(ဂ) ခရစ်တော်သည် ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့၏မကောင်းသောဓလေ့များကို ကောင်းသောအကျင့်အားဖြင့်ပြောင်းလဲပေးသည်။ "ကိုယ့်အပြစ်တို့ကိုဖေါ်ပြတောင်းပန်လျှင် ငါတို့အပြစ်များကိုလွှတ်၍ အပြစ်ရှိသမျှနှင့်ကင်းစင်စေခြင်းငှါ ဘုရားသခင်သည် သစ္စာတရားနှင့်လည်းကောင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်လည်းကောင်းပြည့်စုံတော်မူ၏" (၁ယော ၁း၉။ မိက္ခာ ၇း၁၈၊ ၁၉)။ လက်ဝါးကပ်တိုင်၌ အသေခံတော်မူသောခရစ်တော်သည် မည်မျှပင်အပြစ်ကြီးစေကာမူ ခွင့်လွှတ်နိုင်သည်။ ခရစ်တော်ကိုကိုးစားသောသူသည် အမအစလိုကြောင်းကိုတောင်းခံရန်သာရှိသည်။ ခရစ်တော်၏သေခြင်းသည် အပြစ်ဖြေလွှတ်ရန်တောင်းခံခြင်းမရှိလျှင် အပြစ်ဖြေလွှတ်

ခြင်းရရန် ခရစ်တော်မပေးပါ။ အပြစ်သည် ခရစ်တော်၏လက်ဝါးနှင့် ခြေဖဝါးတို့တွင်ရိုက်ထားသောသံ ဖြစ်သောကြောင့် နောင်တရသောသူတို့အတွက် စိတ်ချောက်ချားစေသည်။ ခရစ်တော်၏ဆုကျေးဇူးတည်း ဟူသော ခွင့်လွှတ်ခြင်းနှင့် စေ့စပ်ညှိနှိုင်းခြင်းကို ကျွန်ုပ်တို့လက်ခံရန် ခရစ်တော်လိုလားပါသည်။ အိမ်မှ ထွက်ပြေးသောလူငယ်တစ်ဦးသည် မိမိ၏မိခင်အသည်းအသန်ဖျားနာကြောင်းသိသောအခါ သားအမိတို့၏ ဆက်သွယ်မှုပြတ်လတ်နေသောကြောင့် ဝမ်းနည်းကြေကွဲမှုဖြစ်ရ၏။ အိမ်သို့အမြန်ပြန်လာ၍ မိခင်၏အိပ်ရာ ပေါ်သို့ မျက်ရည်စက်လက်ဖြင့် မိခင်အားတောင်းပန်လေသည်။ ထိုအခါမိခင်က လေသံစကားဖြင့် "ငါ့သား၊ မင်းခွင့်လွှတ်ရန်တောင်းပန်လျှင် ငါခွင့်လွှတ်ခဲ့တာကြာလှပြီ" သင်သည် ဘုရားသခင်ထံမှဝေးကွာခဲ့လျှင် (သို့တည်းမဟုတ်) သူ့အားမသိလျှင် ဘုရားသခင်သည် သင့်အားဖိတ်ခေါ်ရန် ကြာလျက်ရှိကြောင်းသိစေ လိုပါသည်။ သင့်အားခွင့်လွှတ်ရန် အခြားသောအရာများထက်လိုလားပါသည်။ ခရစ်တော်သည် သင့်အား ချစ်၏။ သင့်အတွက်အသက်တော်ကိုစွန့်၏။ သင့်အားခွင့်လွှတ်ရန် အမြဲဆန္ဒရှိ၏။ သူ၏ဖိတ်ခေါ်ချက်ကို လက်ခံ၍ နောင်တတရားဖြင့်ပြန်လာပါ။ သင့်အပြစ်ကိုဝန်ခံပါ။ ဘုရားသခင်ခွင့်လွှတ်ကြောင်းကိုယုံကြည်ပါ။ သူခွင့်လွှတ်ပါသည်။ သူ့အားကိုးစားပါ။ သူ့ကတိတော်များကိုဝန်ခံပါ။

(၂) ခရစ်တော်ထံမှအသစ်သောအသက်တာကိုရယူပါ

ခရစ်တော်ထံမှအသစ်သောအသက်တာရရှိကြောင်းသိ၍ ကယ်တင်ခြင်းပေးနေသည်ကိုလက်ခံပါ။ ဆင်ခြေ မပေးဘဲ ခရစ်တော်အပြစ်လွှတ်ကြောင်း၊ သန့်ရှင်းစေကြောင်း၊ ဘဝဟောင်းမှအပြစ်များကိုခွင့်လွှတ်တော်မူကြောင်း၊ ယခုမူကား ပြောင်းလဲသောအသက်တာအသစ်ကိုပေးနေကြောင်း ယုံကြည်ပါ။ "ထိုသူကိုလက်ခံသမျှတည်းဟူသော ကိုယ်တော်ကိုယုံကြည်သောသူတို့အား ဘုရားသခင်သားဖြစ်ရသောအခွင့်ကိုပေးတော်မူ၏" (ယောဟန် ၁း၁၂)။ ဘုရားသခင်၏သားသမီးများအနေဖြင့် ခရစ်တော်ထံမှအသစ်သောအသက်တာကိုရရှိရန် အခွင့်အရေးရှိသည်။ သို့ရာတွင် ကိုယ့်နည်းလမ်းဖြင့်မရနိုင်ပါ။ ရနိုင်သောနည်းလမ်းမှာ ဘုရားသခင်၏ဆုကျေးဇူးသာဖြစ်၏။ ခရစ်တော်သည် ဤကဲ့သို့တိကျသေချာသောကတိတော်များပေးခြင်းသည် ကျွန်ုပ်တို့၌မလုံခြုံ၍ သံသယရှိသောစိတ်များကြောင့်ဖြစ် သည်။

အသစ်သောအသက်တာရရှိရန် ဘုရားသခင်၏အတိုင်းအတာသည် မည်ကဲ့သို့ဖြစ်သနည်း။ "ယေရှုက ဒုတိယမွေးဖွားခြင်းကိုမခံသောသူမည်သည်ကား ဘုရားသခင်၏နိုင်ငံတော်ကိုမမြင်ရဟု ငါအမှန်အကန်ဆိုသည်ဟု ပြန်၍မိန့်တော်မူ၏" (ယောဟန် ၃း၃)။ ခရစ်တော်၏စကားအရ နောင်တရသောအပြစ်သားတစ်ဦးသည် အမှန် တကယ်အသစ်သောအသက်တာ၌ မွေးဖွားခဲ့ကြောင်းသိရသည်။ ခရစ်တော်၏ကတိမှာ– "စိတ်နှလုံးသစ်ကိုငါ ပေးမည်။ သဘောသစ်ကိုသွင်းထားမည်။ သင်တို့ကိုယ်ခန္ဓာထဲက ကျောက်နှလုံးကိုနုတ်၍ အသားနှလုံးကိုပေးမည်" (ယေဇကျေလ ၃၆း၂၆)။ ခရစ်တော်သည် ကျွန်ုပ်တို့၏နှလုံးသားကိုပြုပြင်ပြောင်းလဲပေးသည်။ ကျွန်ုပ်တို့၏ခံစားမှု နှင့်သဘာဝများကိုပြောင်းလဲပေး၍ ကျွန်ုပ်တို့နှင့်အတူကိန်းအောင်းသည် (ကောလောသဲ ၁း၂၇)။ ဤအသစ်သော အသက်တာသည် သာမန်အနေဖြင့်သာကောင်းမြတ်ခြင်းမဟုတ်ဘဲ စစ်မှန်သောဝိညာဉ်ရေး၊ သေခြင်းမှထမြောက် ခြင်းဖြစ်၏။ အသစ်သောအသက်တာနှင့် နေထိုင်မှုလုံးလုံးဖြစ်သည်။

(၃) ခရစ်တော်အတွက်နေ့စဉ်နှင့်အမျှအသက်ရှင်သွားပါ

ခရစ်ယာန်၏အသက်တာသည် နေ့စဉ်နှင့်အမျှတစ်ကိုယ်ကောင်းစိတ်မှလွှဲရှောင်ခြင်းဖြစ်သည်။ ၎င်းပြင် ခရစ်တော် နှင့်ပူးပေါင်း၍ ရင်းနှီးသောမိတ်ဆွေဖွဲ့ခြင်းဖြစ်၏။ ကျွန်ုပ်တို့သည် အသစ်သောအသက်တာတွင်လျှောက်လှမ်း၍ ခရစ်တော်နှင့်မိတ်သဟာယဖွဲ့ခြင်းဖြစ်သည်။ နေ့စဉ်နှင့်အမျှ အချိန်ကောင်းယူကာ သူနှင့်နေခြင်းဖြစ်၏။ ရင်းနှီးစွာ ပေါင်းသင်းဆက်သွယ်ခြင်းဖြစ်၏။ ဘုရားသခင်သည် ဝိညာဉ်ရေးကြီးထွားရန် အကူအညီ (၅) ချက်ပေးထားသည်။

(က) ကျမ်းစာဖတ်ခြင်း။

(ခ) ဆုတောင်းခြင်း။

(ဂ) မိတ်သဟာယဖွဲ့ခြင်း။
(ဃ) အခြားခရစ်ယာန်များနှင့်ပေါင်းဖော်ခြင်း။
(င) ကျွန်ုပ်တို့၏ဗဟုသုတများကိုအခြားသူများနှင့်ဝေငှခြင်း။

ခရစ်တော်နှင့်ပေါင်းဖော်ခြင်းသည် အပြစ်မလုပ်နိုင်ဟုမဆိုလိုပါ။ သို့ရာတွင် အပြစ်လုပ်၍ပူဆွေးသောကရောက်သောအခါ ခရစ်တော်၏ခွင့်လွှတ်ခြင်းကိုလည်း တောင်းဆိုနိုင်ပါသည်။ ကျွန်ုပ်တို့သည် ရှေ့သို့သွားရာ၌ သွားသောလမ်းတစ်လျှောက်တွင် ခရစ်တော်သည် အမြဲရှိကြောင်းသိထားရမည်။

## ၅။ ဒုတိယအခွင့်အရေး၏ဝမ်းမြောက်ခြင်း

ဟရိုဟရူးလ်သည် မြောက်မြားစွာသောဂုဏ်ပြုခြင်းကိုခံခဲ့ရပါသည်။ အမတ်အနေဖြင့် ထူးချွန်သောလုပ်ငန်းများကိုတွေ့ရှိရသော်လည်း အကြီးဆုံးသောဗဟုသုတတစ်ခုမှာ သူ၏အသက်တာကို ခရစ်တော်၌အပ်နှံသောအခါဖြစ်၏။ သူသည်တစ်ညတွင်၌ ကျမ်းစာကိုဖတ်နေစဉ် မိမိအနားမှလှုပ်ရှားသောအရာကိုမြင်လိုက်ရ၏။ သူကြည့်လိုက်သောအခါ သမီးငယ်နှစ်ဦးအား ညအိပ်ဝတ်စုံဖြင့်တွေ့လိုက်ရသည်။ သူသည် သမီးငယ်နှစ်ဦးအားကြည့်၍ ပြောင်းလဲလာသောပုလင်းစစ်ပွဲကိုသတိရမိသည်။ သမီးငယ်က ဖေဖေ၊ ကောင်းသောညပါဟုနှုတ်ဆက်လိုက်ပါသည်။ ဖခင်မှာမျက်ရည်လည်၍ သူ့အားလာဖက်သောသမီးငယ်ကိုကြည့်လိုက်ပါ၏။ ယခင်ကကဲ့သို့ ကြောက်ရွံ့သောမျက်နှာများလုံးဝမရှိတော့ပါ။ ဖေဖေအိမ်သို့ပြန်လာပြီ။ ခရစ်တော်သည် လူသားတို့အား အမှန်တကယ်ဒုတိယအခွင့်အရေးကိုပေးခဲ့ပါသည်။ ခရစ်တော်သည် မျှော်လင့်ခြင်းမရှိသောအခြေအနေမှ အကောင်းဆုံးပြုပြင်ပေး၍ အသစ်သောအသက်တာ၌နေစေ၏။ ခရစ်တော်ဘုရားသခင်သည် ကျွန်ုပ်တို့တစ်ဦးစီအား အိမ်သို့ပြန်ရန်လိုလားပါသည်။ သင်သည် ခရစ်တော်၏ဖိတ်ခေါ်သံကိုလက်ခံပါသလား၊ ဘုရားသခင်၏ခွင့်လွှတ်ခြင်းနှင့် သန့်စင်ခြင်းကိုရရှိ၍ သမီးငယ်၏ပွေ့ဖက်ခြင်းကဲ့သို့ သင်၏လက်ဖြင့်ပွေ့ပိုက်လိုပါသလား၊ သင်၏ကယ်တင်ရှင်သခင်ခရစ်တော်အားကိုးစားခြင်းကိုမရခဲ့သေးလျှင် အောက်ပါဆုတောင်းခြင်းဖြင့် တောင်းလိုပါသလား။ အဖဘုရားသခင်၊ ကျွန်ုပ်၏အပြစ်အသက်တာဟောင်းကြောင့် ဝမ်းနည်းမိပါ၏။ သားတော်ခရစ်တော်သည် ကျွန်ုပ်သေရမည့်နေရာတွင် နေရာယူခဲ့သောကြောင့် ကျေးဇူးကြီးလှပါ၏။ ခရစ်တော်သခင်၊ ကျွန်ုပ်အပြစ်များကိုဖြေလွှတ်၍ ကျွန်ုပ်ကိုကယ်တင်တော်မူပါ။ အသက်တာ၏ဒုတိယအခွင့်အရေးကို ကျွန်ုပ်လိုလားပါ၏။ ကျွန်ုပ်သည် ဒုတိယမွေးခြင်းကိုခံလိုပါ၏။ သာ၍နီးကပ်သောအသက်တာတွင် ကိုယ်တော်နှင့်နေ့စဉ်လျှောက်လှမ်းလိုပါ၏။ ကျွန်ုပ်၏အသက်တာတွင် ထူးဆန်းစွာပြောင်းလဲပေးခဲ့သောကြောင့်လည်း ကျေးဇူးကြီးလှပါ၏။ ခရစ်တော်၏နာမအားဖြင့် တောင်းလျှောက်ပါ၏။ အာမင်။ ထူးဆန်းသောအရာကိုရှာဖွေတွေ့ရှိပါ။ ကျွန်ုပ်တို့သည်လာလျှင် ခရစ်တော်သည် ကယ်တင်ခြင်းကိုပေးမည်။

–၀–

## ရှာဖွေတွေ့ရှိခြင်းလမ်းညွှန် (၆) အဖြေလွှာ
## အသက်တာ၏ဒုတိယအခွင့်အရေး

မှန်သောဝါကျရှေ့တွင်ကြက်ခြေခတ် **(x)** ပေးပါ။

၁။ လူသည်–

------ ကိုယ်ကာယအားဖြင့်အသက်ရှင်သည်။ သို့ရာတွင် ဝိညာဉ်ရေးအရ အပြစ်တွင်သေသည်။

------ ဝိညာဉ်ရေးအရသေသည်။ သို့ရာတွင် ယုံကြည်ခြင်းအားဖြင့် အခြားဘုရားသခင်ကြောင့် အသက်ရှင်သည်။

ကျွန်ုပ်တို့သည် ကယ်တင်ခြင်းရရန်လိုသည်–

(က) ------ ခရစ်တော်ကိုယုံကြည်ခြင်းဖြင့် ဘုရားသခင်၏ဆုကျေးဇူးတော်ကြောင့်ဖြစ်သည်။

(ခ) ------ အပြစ်မှာဘုရားသခင်၏ပညတ်တော်ကိုချိုးဖေါက်ခြင်းဖြစ်သည်။

------ အပြစ်ကြောင့် ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခြင်းသည် ပျက်စီးသွားသည်။

------ ထာဝရသေခြင်းသည် အပြစ်တရား၏အကျိုးအပြစ်ဖြစ်သည်။

------ သူများအတွက်ကောင်းသောအလုပ်ပြုလုပ်ပေးခြင်း။

၃။ ခရစ်တော်သည် ကျွန်ုပ်တို့၏အပြစ်မှကယ်တင်ခြင်းပေးသည်။

------ ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခြင်းကိုပြန်လည်ပြုပြင်ပေးသည်။

------ ထာဝရသေခြင်းမှကယ်တင်သည်။ ထာဝရသေခြင်းနှင့် အပြစ်၏အခမှကယ်တင်သည်။

------ ကျန်းမာခြင်းပြန်လည်ပြုပြင်ပြောင်းလဲပေးခြင်းနှင့် အသစ်သောအသက်တာရရှိသည်။

------ ကျွန်ုပ်တို့သည် စိတ်ခိုင်မာစွာထားခြင်းဖြင့် အပြစ်ကိုအောင်နိုင်သည်။

------ ကျွန်ုပ်တို့ကိုလူသစ်သို့ပြောင်းလဲခြင်းဖြင့်။

၄။ ကယ်တင်ခြင်းရရန် ကျွန်ုပ်တို့၏တာဝန်မှာ–

------ နောင်တတရားဖြင့် ဘုရားသခင်ထံသို့ခွင့်လွှတ်ခြင်းကိုတောင်းခံခြင်း။

------ အပြစ်ဝန်ချ၍ စွန့်လွှတ်ခြင်းဖြင့် ဘဝဟောင်း၏အပြစ်ကိုစွန့်ခြင်း။

------ အကျင့်ကောင်းရရှိရန် အထူးကြိုးစားရမည်။

------ အမှားပြင်နိုင်ရန် အထူးကြိုးစားရမည်။

ဘုရားသခင်တာဝန်အရ ကျွန်ုပ်တို့ကယ်တင်ခြင်းရရန်မှာ–

------ ကျွန်ုပ်တို့အားဆုကျေးဇူးတည်းဟူသော နောင်တတရားနှင့်ခွင့်လွှတ်ခြင်းပေးရန်။

------ ကယ်တင်ခြင်းမတောင်းဆိုဘဲ ကယ်တင်ခြင်းကိုပေးခြင်း။

ကျွန်ုပ်တို့၏တာဝန်အရ အသစ်သောအသက်တာကို ဘုရားသခင်ထံမှရကြောင်းသိရပါမည်။

------ ဘုရားသခင်သည် ကျွန်ုပ်တို့၏အပြစ်ကိုလွှတ်ပေးပါ၏။ လွန်ခဲ့သောအသက်တာ၏အပြစ်ကို သန့်စင်စေပါ၏။ အသစ်သောအသက်တာကိုလည်းပေးပါ၏။

------ ကိုယ်ကိုတိုင်အသစ်သောအသက်တာကိုရရှိနိုင်ပါသည်။

ကျွန်ုပ်တို့၏အသစ်သောအသက်တာရရှိရန် ဘုရားသခင်၏တာဝန်မှာ–

------ ထူးဆန်းနက်နဲသောမွေးဖွားခြင်း၊ အသစ်သောနှလုံးကိုပေးခြင်း၊ ကျွန်ုပ်တို့နှင့်အတူနေခြင်း၊ ကျွန်ုပ်တို့၏ အကျင့်ဓလေ့များကိုပြောင်းလဲပေးခြင်း။

------ ဘုရားသခင်၏ကျေးဇူးတရားကြောင့် သူတော်စင်ဖြစ်ရန် အတင်းအကျပ်ပြုလုပ်ခြင်း။

**မှတ်ချက်။** * ခရစ်တော်သည် လူတိုင်းတို့အား အခွင့်အရေးပေးကာ ကယ်တင်ခြင်းနှင့်အသစ်သောအသက်တာ ရရှိနိုင်ရန် ပြုလုပ်ပေးပါသည်။

* သင်သည် ဘုရားသခင်၌ အသစ်သောအသက်တာတွေ့ရှိပြီလား။

* သို့မဟုတ်လျှင် သင်သည် ခရစ်တော်အား အသစ်သောအသက်တာပေးရန် တောင်းဆိုလိုပါသလား။

* အသစ်သောအသက်တာနေနိုင်ရန် အထူးဆုတောင်းခြင်းကိုလိုလားပါသလား။

–ဝ–

**ထင်ရှားသေသပ်စွာရေးပါ**

**အမည်**------------------------------

**လမ်းနှင့်အိမ်အမှတ်**----------------------

**မြို့**---------------------------------

**နယ်**--------------------------------

**ကိုးကွယ်သည့်ဘာသာ**--------------------

စိတ္တသုခရှာဖွေခြင်း (၆)

ဓမ္မဒါန

စာမူခွင့်ပြုချက်အမှတ် ၄၆၃/၂၀၀၃ (၇)

ထုတ်ဝေသူ။ ဦးဆန်ဒီ၊ ယာယီမှတ်ပုံတင်အမှတ် (၄၄၉) စိတ္တသုခရှာဖွေခြင်း၊ (အမှတ်စဉ်ထုတ်) ၆၈/၇၂ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

ပုံနှိပ်သူ။ ဦးစိုင်းရပ်စ်၊ မှတ်ပုံတင်အမှတ် (၀၂၈၃၀) ကင်းစောင့်ပုံနှိပ်တိုက်၊ အမှတ် ၂၀၆ ရွှေသစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

(စောင်ရေ ၅၀၀၀၊ ပထမအကြိမ်)